Myanmar Peace Monitor

# Weekly News Review

Issue 97, March 15 - 21, 2023



# မိုင်းစစ်ဆင်ရေး
# သို့မဟုတ်
# စစ်အုပ်စု အကြောက်ဆုံးအရာ



# မိုင်းစစ်ဆင်ရေး သို့မဟုတ် စစ်အုပ်စု အကြောက်ဆုံးအရာ

## နို့ဒါနီး

၂၀၁၃ ခုနှစ်မှသည် ယနေ့အချိန် မြန်မာနိုင်ငံအတွင်း ပဋိပက္ခဖြစ်စဉ်ဖြစ်ရပ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရွေ့အပြောင်းများအား အစဉ်တစိုက် လေ့လာစောင့်ကြည့်လာခဲ့သည့် BNI - Myanmar Peace Monitor အနေဖြင့် စစ်အာဏာသိမ်းကာလအတွင်း ခုခံတော်လှန်စစ်အခြေအနေနှင့် အလားအလာဦးတည်ရာများ၊ စစ်ကောင်စီ၏ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများ၊ ယင်းသို့ပုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများအပေါ် သက်ရောက်မှုများ၊ စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲခုခံတော်လှန်စစ်ကြောင့် အသစ်ဖြစ်ပေါ်လာသော စစ်ဘေးသင့်ဒုက္ခသည်အရပ်သားပြည်သူများ စသည့်အကြောင်းအရာများစွာကို လေ့လာသုံးသပ်တင်ပြခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက်ပြီးလည်း အကြောင်းအရာအသစ်များ၊ တွေ့ရှိချက်အသစ်များ အစဉ်တစိုက်စောင့်ကြည့်လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် စစ်အာဏာသိမ်းကာလအတွင်း စစ်အုပ်စုနှင့် ၎င်းတို့၏ အစေအပါးများအား ခုခံတော်လှန်ရေးအင်အားစုများမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ကိန်းဂဏန်းအချက်အလက်များကို စုဆောင်းရမိထားသမျှကို အခြေခံပြီး လေ့လာသုံး သပ်တင်ပြသွားပါမည်။

Myanmar Peace Monitor

# ထူးခြားသည့် မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်များ

၂၀၂၃ ခုနှစ် မတ်လ ၇ ရက်နှင့် ၉ ရက်နေ့များက စတင်ကာ စစ်ကိုင်းတိုင်း ကလေးမြို့မှ ချင်းပြည်နယ် ဖလမ်းမြို့နယ်ဘက်သို့ တက်လာသည့် စစ်ကောင်စီတပ်များသည် သံချပ်ကာ ကားနှစ်စီးအပါအဝင် ကားအစီးရေ ၃၀ ကျော်သည်ဟု ဆိုပါသည်။ မတ်လ ၁၁ ရက်အရောက်တွင်တော့ CDF-CDM Siyin နှင့် Mountain Eagle Defense Force (MEDF) ချင်းကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များက နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ မိုင်းဆွဲတိုက်ခိုက်မှုအကြိမ်ပေါင်း ၁၀ ကြိမ်တိုင်အောင် တိုက်ခိုက်ခဲ့သဖြင့် စစ်ကောင်စီတပ်သား ၆ ဦးသေဆုံးခဲ့ပြီး ၂၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု CDF-CDM Siyin က ထုတ်ပြန်ထားပါသည်။ ထိုတိုက်ခိုက်မှုသည် မိမိတို့စုဆောင်းရရှိထားသည့် မှတ်တမ်းများအရ တစ်ရက်တည်း အကြိမ်ရေအများဆုံး မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်ဟုလည်း ဆိုနိုင်ပါသည်။


၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈၊ ဖလမ်းမြို့မှ ဟားခါးမြို့သို့ ရိက္ခာပို့သွားသည့် စစ်ကောင်စီတပ် ယာဉ်အစီး ၂၀ ကျော်နှင့် တင့်ကားနှစ်စီးပါဝင်သော ယာဉ်တန်းအား ချင်းအမျိုးသားတပ်မတော် (CNF/CAN)၊ ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (CNDF)နှင့် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ (CDF) ပူးပေါင်းအဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၆၀ ကျော်သေဆုံးခဲ့ကြောင်း CNDF က ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ မိုင်းဆွဲတိုက်ခိုက်မှုသည်လည်း မိမိတို့စုဆောင်းရရှိထားသည့် မှတ်တမ်းများအရ စစ်ကောင်စီတပ်ဘက်မှ သေဆုံးမှုအများဆုံး တိုက်ခိုက်မှုဖြစ်စဉ်အဖြစ် တွေ့ရှိရပါသည်။

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အရာတော် - ထီးဆောင်းလမ်း၊ ၂၀၂၂ ခုနှစ် ဧပြီလ ၂၉ ရက်၊ စစ်ကောင်စီယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်တွင် စစ်ကောင်စီတပ်ဘက်မှ ၃၅ ဦးသေဆုံးခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လ ၈ ရက်၊ ယင်းမာပင်မြို့နယ် လက်ပံတောရွာမှ ဒေသခံပြည်သူ ၁၂ ဦးအား မီးရှို့သတ်ဖြတ်ခဲ့သည့် စစ်ကောင်စီတပ်အား မတ်လ ၁၁ ရက်၊ မျောက်နံးရွာဘက်သို့ ဆင်းလာချိန်တွင် ချင်းတွင်းရိုးမ မဟာမိတ်တပ်ပေါင်းစု၊ ဗိုလ်သူရိန်တပ်ရင်းက ပဒေသာမိုင်း ၁၂ လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃၂ ဦးသေဆုံးခဲ့ကြောင်း အဆိုပါတပ်ပေါင်းစုက ထုတ်ပြန်ထားပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၈ ရက်၊ မုံရွာမြို့မှ ထွက်လာသော စစ်ကောင်စီမိုင်းရှင်းလင်းရေးအဖွဲ့အား ချောင်းဦးနှင့် မြင်းမူမြို့နယ်အကြားတွင် မြောင်မြို့နယ် (T.G.R) ပြည်သူ့ ကာကွယ်ရေးတပ်က မိုင်းဆွဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၃၀ ဦးခန့် သေဆုံးခဲ့ကြောင်း သိရပါသည်။

BNI – Myanmar Peace Monitor ၏ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်အထိ စစ်အာဏာသိမ်းကာလအတွင်း ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုများကြောင့် စစ်ကောင်စီတပ်သား ၁၀ ဦးနှင့်အထက် သေဆုံးခဲ့သည့် မိုင်းဆွဲတိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း ၄၀ နီးပါးရှိခဲ့သည်ကို တွေ့ရပါသည်။ မိုင်းဆွဲတိုက်ခိုက်မှုများကြောင့် စစ်ကောင်စီတပ်သားပေါင်း ထောင်နှင့်ချီကာ သေဆုံးခဲ့ရသည်ကိုတွေ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူပေါင်း ရာနှင့်ချီခဲ့သည်ကို တွေ့ရှိရပါသည်။

# မိုင်းဆွဲတိုက်ခိုက်မှုဆိုင်ရာ ကိန်းဂဏန်းများ


စစ်အာဏာသိမ်းကာလ ၂၀၂၃ ခုနှစ် မတ် ၂၀ ရက်အထိ BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်ကောင်စီတပ်များအား ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၂၇၂ ရက်အထိ ရှိခဲ့ပါသည်။ မိုင်းဆွဲတိုက်ခိုက်မှုတစ်ရက်လျှင် အနည်းဆုံးတစ်ကြိမ်မှ အများဆုံး ၁၀ ကြိမ်အထိ တွေ့ရှိရသဖြင့် မိုင်းဆွဲတိုက်ခိုက်မှု အကြိမ်ရေအားဖြင့်မူ ၂၇၂ ရက်ထက် ပိုမိုများပြားနိုင်သည်ဟု မှတ်ယူရပါမည်။




ဖော်ပြပါ နှစ်၊ လ အလိုက် မိုင်းဆွဲတိုက်ခိုက်မှုအခြေအနေကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလသည် စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၄၄ ရက်အထိ ရှိခဲ့ပြီး စစ်အာဏာသိမ်းကာလအတွင်း မိုင်းဆွဲတိုက်ခိုက်မှုအများဆုံးလ ဖြစ်ခဲ့ပါသည်။ ထို့နောက်တွင်မှ ၂၀၂၂ ခုနှစ် မေလတွင် မိုင်းဆွဲတိုက်ခိုက်မှု ၃၄ ရက်၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် မိုင်းဆွဲတိုက်ခိုက်မှု ၃၀ ရက်၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် မိုင်းဆွဲတိုက်ခိုက်မှု ၂၉ ရက်နှင့် ၂၀၂၂ ခုနှစ် ဇွန်လသည် မိုင်းဆွဲတိုက်ခိုက်မှု ၂၇ ရက်၊ စသဖြင့် လအလိုက် အသီးသီးရှိခဲ့သည်ကို တွေ့ရပါသည်။ နှစ်အလိုက်တွင်မူ ၂၀၂၁ ခုနှစ်အတွင်း

မိုင်းဆွဲတိုက်ခိုက်မှု ၇၅ ရက်၊ ၂၀၂၂ ခုနှစ်အတွင်း မိုင်းဆွဲတိုက် ခိုက်မှု ၁၆၃ ရက်၊ ၂၀၂၃ ခုနှစ် မတ်လ ၂၀ ရက်အတွင်း မိုင်းဆွဲတိုက်ခိုက်မှု ၃၄ ရက် ရှိခဲ့ပါသည်။


**စစ်အာဏာသိမ်းကာလအတွင်း ၂၀၂၃ မတ်လ ၂၀ ရက်အထိ တိုင်းနှင့် ပြည်နယ်အလိုက် စစ်ကောင်စီတပ်အား မိုင်းခွဲတိုက်ခိုက်မှုရက်ပေါင်း**




စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုအခြေအနေကို တိုင်းနှင့် ပြည်နယ်အလိုက် လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၁၃၂ ရက်ဖြင့် အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ နောက်တွင်မှ မကွေးတိုင်းတွင် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၄၅ ရက်၊ မန္တလေးတိုင်းအတွင်း မိုင်းဆွဲတိုက်ခိုက် မှု ၂၃ ရက်၊ မွန်ပြည်နယ်တွင် မိုင်းဆွဲတိုက်ခိုက်မှု ၁၄ ရက်၊ တနင်္သာရီနှင့် ကချင်ပြည်နယ်တို့တွင် မိုင်းဆွဲတိုက်ခိုက်မှု ၁၄ ရက်စီ စသဖြင့် တိုင်းနှင့်ပြည်နယ်တိုင်းတွင် စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုများ ရှိနေသည်ကို တွေ့ရပါသည်။

မိုင်းဆွဲတိုက်ခိုက်ခံရမှုကြောင့် စစ်ကောင်စီတပ်ဘက်မှ သေဆုံးမှုအခြေအနေတွင်လည်း စစ်ကိုင်းတိုင်းတွင် ၆၃၅ ဦး၊ မကွေးတိုင်းတွင် ၁၂၂ ဦး၊ ချင်းပြည်နယ်တွင် ၆၉ ဦး၊ မန္တလေးတိုင်းတွင် ၃၃ ဦး၊ ကချင်ပြည်နယ်တွင် ၃၂ ဦး စသဖြင့် သေဆုံးမှုများ ရှိခဲ့ပြီး ထူးခြားဖြစ်စဉ်အဖြစ် အာဏာသိမ်းစစ်ခေါင်းဆောင်နေထိုင်ရာ နေပြည်တော် ကောင်စီနယ်မြေအတွင်းတွင်ပင် ခုခံတော်လှန်ရေးအင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် စစ်ကောင်စီ တပ်သား ၂၄ ဦး သေဆုံးခဲ့သည်ကို တွေ့ရှိရပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ၂၀၂၃ မတ်လ ၂၀ ရက်အထိ ခုခံတော်လှန်ရေးအင်အားစုအလိုက် အလိုက် စစ်ကောင်စီတပ်အား မိုင်းခွဲတိုက်ခိုက်မှုရက်ပေါင်း




စစ်အာဏာသိမ်းကာလအတွင်း ဖြစ်တည်ပေါက်ဖွားလာသော တောင်တန်းမြေပြန့် ဒေသအလိုက် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) သည် စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုတွင် အဓိက အင်အားစုများအဖြစ် တွေ့ရှိရပြီး PDF/LDF များ၏ မိုင်းဆွဲတိုက်ခိုက်မှုသည် ရက်ပေါင်း ၂၄၈ ရက်အထိ ရှိခဲ့ပြီး စစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုအားလုံး၏ ၉၁ ရာခိုင်နှုန်းအထိ ရှိခဲ့ပါသည်။ မိမိတို့သတ်မှတ်ထားသည့် မြို့ပြဒေသအလိုက် PDF/LDF များစာရင်းတွင် စစ်အာဏာသိမ်းကာလအတွင်း အသစ် ဖြစ်ပေါ်လာသည့် ခုခံတော်လှန်ရေးအင်အားစု၊ အဖွဲ့အစည်းများအားလုံးပါဝင်သည်ဟု ဆိုရပါမည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော်(KIO/ KI A)၊ ကရင်အမျိုးသားအစည်းအရုံး(KNU/KNLA) နှင့် ရက္ခိုင့်တပ်တော်(ULA/AA)တို့၏ အာဏာသိမ်းစစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုများကိုလည်း ဖော်ပြပါဂရပ်ဖစ်အတိုင်း မြင်တွေ့ရပါသည်။

# သုံးသပ်တင်ပြချက်

BNI – Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၁၄ ရက်အထိ စစ်အာဏာသိမ်းကာလတလျှောက်လုံးတွင် မြန်မာနိုင်ငံအတွင်း စစ်အုပ်စုနှင့် တော်လှန်ရေးအင်အားစု များအကြား တိုက်ပွဲဖြစ်ပွားမှုရက်

ပေါင်း ၂၅၂၅ ရက် ရှိခဲ့ပြီဖြစ်သည်။ ထိုအနက် မြို့ပြဒေသအလိုက် PDF/LDF များမှ စစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုသည် ၂၇၂ ရက်ရှိခဲ့ပြီး စစ်အုပ်စု၏ မြေမြင်စစ်ကြောင်းများအား များစွာ အထိနာစေသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် မြေပြင်အင်အားချိနဲ့လာသော အာဏာသိမ်းစစ်အုပ်စုသည် လေကြောင်းမှ ပုံးကြဲတိုက်ခိုက်မှုများကိုသာ အားကိုးနေရပြီဖြစ်ကာ စစ်အုပ်စု၏ လေကြောင်းမှ ပုံးကြဲတိုက်ခိုက်မှုသည် ရက်ပေါင်း ၃၀၀ နီးပါးရှိသည်အထိ အရှိန်မြှင့်ထိုးစစ်ဆင်လျက်ရှိသည်ကို တွေ့ရပါသည်။

မိုင်းသည် စစ်ရေးပဋိပက္ခဖြစ်ပွားရာ စစ်မျက်နှာ၊ စစ်တလင်းတွင် နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များအပြင် အရပ်သားပြည်သူများအား အန္တရာယ်အပေးနိုင်ဆုံး စစ်လက်နက်တစ်ခု ဖြစ်သည်။ မိမိတို့ စုဆောင်းရရှိထားသည့်မှတ်တမ်းအရ စစ်အာဏာသိမ်းကာလအတွင်း ဆိုခဲ့ပါ လူထိန်းချုပ်မှုအောက်မှ မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ် မျိုးမဟုတ်ဘဲ မိုင်းစမ်းသပ်စဉ်အတွင်း ပေါက်ကွဲမှု၊ စစ်လက်ကျန် မိုင်းပေါက်ကွဲမှု၊ မြေမြှုပ်မိုင်းနင်းမိပြီး ပေါက်ကွဲမှုကဲ့သို့သော ဖြစ်စဉ်ပေါင်း ၉၄ ကြိမ် ရှိခဲ့ပြီး အရပ်သားပြည်သူပေါင်း ၂၂ ဦး သေဆုံးကာ ၄၇ ဦး ထိခိုက်ဒဏ်ရာရရှိ ခဲ့ပါသည်။ မိုင်းစမ်းသပ်စဉ်ပေါက်ကွဲမှုကြောင့် PDF/LDF တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးကာ ၃ ဦးထိခိုက်ဒဏ်ရာရရှိ ခဲ့ပါသည်။ လက်ရှိ နှစ်ဖက်ယာယီအပစ်ရပ်ထားသည့် ULA/AA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲအပြင်းထန်ဆုံးဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်သည် စစ်အာဏာသိမ်းကာလအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှု ၂၇ ကြိမ်အထိရှိပြီး အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုအများဆုံးဖြစ်နေသည်ကို သတိပြုရပါမည်။

နွေဦးတော်လှန်ရေးကာလတလျှောက် အာဏာသိမ်းစစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုများ၏ ၇၃ ရာခိုင်နှုန်းကျော်သည် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးကဲ့သို့သော အညာဒေသတွင် တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အညာ တခွင်လုံးပြန့်ထွက်လာသော ခုခံတော်လှန်သော စစ်ရေးလှုပ်ရှားမှုများတွင် မိုင်းဆွဲတိုက်ခိုက်ရေးနည်းဗျူဟာ (ဝါ) မိုင်းစစ်ဆင်ရေးသည် အချက်အခြာကျသော စစ်ရေးဗျူဟာတစ်ရပ် ဖြစ်နေသည်ဟု ဆိုရပါမည်။

ခုခံတော်လှန်ရေးအင်အားစုများ၏ ထိန်းချုပ်မှုအောက်မှ မိုင်းဆွဲတိုက်ခိုက်မှုများ (ဝါ) မိုင်းစစ်ဆင်းရေးသည် အာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးများအတွက် အကြောက်တရားကို ရိုက်သွင်းပေးနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှည်းနေလှေအောင်း မြင်းစောင်းမကျန် ခုခံတော်လှန်စစ်ဆင်နွှဲရာတွင် မိုင်းစစ်ဆင်ရေးသည် နွေဦးတော်လှန်ရေး၏ အမှတ်သရုပ်သဖွယ်တွင်ရစ်နေပြီဖြစ်ကြောင်း ရှုမြင်မိပါသည်။ မြေပြင်အင်အားအများအပြားကို ချိနဲ့စေသော မိုင်းဆွဲတိုက်ခိုက်မှုများသည် အာဏာသိမ်းစစ်အုပ်စုအတွက် အကြောက်ဆုံးအရာ ဖြစ်နေနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

“ တစ်နိုင်ငံလုံး
အတိုင်းအတာဖြင့်
လှည်းနေလှေအောင်း
မြင်းစောင်းမကျန်
ခုခံတော်လှန်စစ်
ဆင်နွှဲရာတွင်
မိုင်းစစ်ဆင်ရေးသည်
နွေဦးတော်လှန်ရေး၏
အမှတ်သရုပ်သဖွယ်
တွင်ရစ်နေပြီဖြစ်ကြောင်း ”



*သေဆုံးသွားသည့် မင်းဂံရပ်ကွက် (၁၅) မှ အသက် ၁၁ နှစ်အရွယ် မိန်းကလေး၏ နာရေးအား တွေ့ရစဉ်။*

## စစ်တွေမြို့တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုများ ရှိလာနေသဖြင့် လုံခြုံမှုမရှိတော့ဟုဆို

၂၁ မတ် ၂၀၂၃

ရခိုင်ပြည်၊ စစ်တွေမြို့တွင် အမျိုးသမီးများ အကြမ်းဖက်သတ်ဖြတ်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၊ လုယက်ခံရခြင်းများကို မကြာခဏ ကြုံတွေ့နေရသည့်အတွက် ဘေးကင်းလုံခြုံမှုမရှိသလို ခံစားလာရသည်ဟု အမျိုးသမီးများက ပြောဆိုကြသည်။

မိန်းကလေးငယ်များ အဓ္ဓပြုကျင့်သတ်ဖြတ်ခံရမှုများ မကြာခဏ ဖြစ်ပေါ်နေသည့်အတွက် သားသမီးများကို နေအိမ်တွင်ထားပြီး အပြင်သို့ အလုပ်ထွက်လုပ်ရန် စိတ်မချနိုင်ဘဲ ဖြစ်နေရသည်ဟု မင်းဂံရပ်ကွက်(၁၅)မှ ဒေါ်ဝင်းဝင်းသန်းက ပြောသည်။

"ကိုယ့်သားသမီးအတွက် စိတ်မချဘူး။ ဒီလိုမျိုး (မိန်းကလေးတွေ အသတ်ခံနေရတာ) ခဏခဏဖြစ်နေတော့ ကျမတို့အတွက် ဘယ်လိုမှ မလုံခြုံနိုင်ဘူး။ ကျမတို့မှာ သားသမီးရှိတယ်။ ဆင်းရဲပင်ပန်းတဲ့အတွက် အပြင်ကိုထွက်ပြီး လုပ်ကိုင်စားသောက်ကြရတယ်။ အခုလိုမျိုးဖြစ်စဉ်တွေ မကြာခဏဖြစ်နေတော့ သားသမီးတွေကို ထားပြီး အလုပ်လုပ်ဖို့တောင် စိတ်မချတော့ဘူး" ဟု ၎င်းက ပြောသည်။

ယခု မတ်လ ၁၅ ရက်နေ့ ညအချိန်တွင် မင်းဂံရပ်ကွက် (၁၅) မှ အသက် ၁၁ နှစ်အရွယ် မိန်းကလေးတစ်ဦးမှာ နေအိမ်မှပျောက်သွားကာ မတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် မင်းဂံရပ်ကွက်ရှိ မီးရထားလမ်းအောက်တွင် ရိုက်နှက်ဒဏ်ရာများဖြင့် အဝတ်အစားမပါဘဲ သတိမေ့လျော့နေသည်ကို တွေ့ရှိခဲ့သည်။ အဆိုပါမိန်းကလေးမှာ စစ်တွေဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ် မတ်လ ၁၈ ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်ပြီး အဓွမပြုကျင့်ခံခဲ့ရသည်ဟု ရဲတပ်ဖွဲ့မှ ကောက်ချက်ချနေပြီး မိသားစုဝင်များကလည်း အဓွမပြုကျင့်ခံခဲ့ရသည်ဟု ယူဆနေကြသည်။ လက်ရှိတွင် အမှုနှင့်ပတ်သက်၍ တရပ်ကွက်တည်းနေ သံသယရှိသူ အသက် (၁၇) နှစ်အရွယ် လူငယ်နှစ်ဦးကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

သေဆုံးသွားသည့် မိန်းကလေး၏ ဆေးစစ်ဆေးချက်အဖြေ ထွက်မလာသေး၍ မုဒိမ်းမှုကျူးလွန်ခံခဲ့ရခြင်း ရှိ/မရှိကို တိတိကျကျ မသိရသေးသော်လည်း သံသယရှိသူနှစ်ဦးမှာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံနေပြီဖြစ်သဖြင့် ထိရောက်စွာအရေးယူပေးရန် မိသားစုဝင်များက တောင်းဆိုကြသည်။

"သူတို့နှစ်ယောက်ပါးစပ်က ပြောနေပြီဖြစ်တယ်။ သူတို့လုပ်တာလို့ ဝန်ခံတယ်လို့ ပြောတယ်။ ကျမသမီးသေသွားသလို သူတို့လည်း သေရပါမယ်။ သေဒဏ်ပေးရပါမယ်။ သူတို့ကို သေဒဏ်ကျစေချင်တယ်" ဟု ရိုက်နှက်ဒဏ်ရာများဖြင့် သေဆုံးသွားသည့် မိန်းကလေး၏ မိခင် ဒေါ်ညိုညိုဝင်းက ပြောသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ကလည်း စစ်တွေမြို့ရှိ ပြည်နယ်စစ်ကောင်စီရုံးအနီးရှိ ဆိုင်တစ်ဆိုင်၌ အရောင်းဝန်ထမ်းအဖြစ် လုပ်ကိုင်နေသည့် အသက် ၁၈ နှစ်အရွယ် မိန်းကလေးမှာ အဓွမပြုကျင့်ခံရပြီး ဓားထိုးဒဏ်ရာနှစ်ချက်၊ မျက်နှာနှင့် မေးစေ့တို့တွင် ညိုမဲစွဲဒဏ်ရာတို့ဖြင့် သေဆုံးနေသည်ကို တွေ့မြင်ခဲ့ရသည်။

လက်ရှိမှာ စစ်တွေမြို့တွင် ညအချိန်သာမက နေ့ခင်းအချိန်မှာတောင် ဖုန်း၊ လက်ကိုင်အိတ်များကို ဆိုင်ကယ်ပေါ်ကနေ လုယက်ထွက်ပြေးမှုများ၊ အုပ်စုဖွဲ့လုယက်မှုများ စသည့် ဒုစရိုက်မှုများ တဖြည်းဖြည်း များပြားလာသည့်အပြင် အဓွမပြုကျင့် သတ်ဖြတ်မှုများ ပါရှိလာနေခြင်းကြောင့် စစ်တွေမြို့နေပြည်သူများမှာ လုံခြုံမှုကင်းမဲ့နေသလို ခံစားနေကြရသည်။

ရခိုင့်တံခါးအလင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျော့စိန်က "ပတ်ဝန်းကျင်မှာ ကလေးတွေကို စိတ်ချပြီးထားလို့ မရတော့ဘူး။ လုံခြုံရေးကင်းမဲ့ဖုန်လို ဖြစ်နေတယ်။ ရဲတွေကလည်း ညဆိုရင် ကင်းမလှည့်ကြတော့ဘူး။ အဲဒီတော့ ပတ်ဝန်းကျင်မှာ ခိုးမှု၊ မုဒိမ်းမှု၊ လူသတ်မှုတွေ ဖြစ်နေတာဟာ လုံခြုံရေးကင်းမဲ့နေတာလို့ မြင်တယ်" ဟု သူက ပြောသည်။


စစ်တွေမြို့တွင် ယခုကဲ့သို့ အမျိုးသမီးငယ်များ သတ်ဖြတ်ခံရမှုများအပြင် ခိုးဆိုးလုယက်မှုများ နေ့စဉ်ရက်ဆက် ဖြစ်ပေါ်နေသည်မှာ မူးယစ်ဆေးဝါးများအား ငွေအနည်းငယ်ဖြင့် လွယ်ကူစွာ ဝယ်ယူနိုင်ခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းတို့ကြောင့်ဖြစ်သည်ဟု ဒေသခံများက ရှုမြင်ကြသည်။

"အဓိက ဇစ်မြစ်ကတော့ စားဝတ်နေရေး ကျပ်တည်းတယ်။ လုပ်ကိုင်စားသောက်ဖို့ အခွင့်အလမ်းတွေ မရှိဘူး။ အဲဒါကို အခွင့်ကောင်းယူပြီးတော့ တချို့လူတွေက ကိုယ့်ကိုယ်ကျိုးအတွက် အသုံးချပြီးတော့ ကလေးတွေကို မူးယစ်ထုံထိုင်းစေတဲ့ ဆေးဝါးတွေကို ရောင်းချမှုတွေ မြင့်တက်လာတယ်လို့ ပြောရမှာပေါ့။ အဲဒီနောက်ပိုင်း ဒီလိုကိစ္စတွေဖြစ်ဖို့ တွန်းအားပေးသလိုဖြစ်နေတယ်" ဟု ရခိုင်အမျိုးသမီးများကွန်ရက် ဥက္ကဋ္ဌ ဒေါ်ညိုအေးက ပြောသည်။

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ


BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မတ်လ ၁၅ ရက် မှ ၂၁ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၃၂ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက မကွေးတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၈ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင်မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၃၂ ရက်**


တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
မတ် ၁၅ - ၂၁ -၂၀၂၃
၂၀၀
စစ်ကောင်စီတပ်သားသေဆုံးမှု
၉
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၂၆
အရပ်သားသေဆုံးမှု
45
40
35
30
25
20
15
10
5
0
၄၅
၂
၅
၃၃
၂၈
၆
၈
၂၆
၆
၁၈
၁
၁၆
၁၅
၈
၄
၇
၁
၂
၂
၂
ကရင်
မကွေး
ရှမ်း
စစ်ကိုင်း
ကချင်
တနင်္သာရီ
ကယား
ပဲခူး
မွန်
မန္တလေး
ရန်ကုန်
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား


၂၅၀၀၀
စစ်ဘေးရှောင်အရေအတွက် (မတ် – ၁၅ – ၂၁ – ၂၀၂၃)
၁၇၀၀၀
၄၀၀၀
၃၀၀၀
၁၀၀၀
စစ်ကိုင်း
မကွေး
ပဲခူး
မန္တလေး


# စစ်ကိုင်းတိုင်း





တမူးမြို့၊ ရဲစခန်းအချုပ်တွင် အချုပ်ခံထားရသူ နိုင်ငံရေး အကျဉ်းသားကိုသစ်ဆန်းဦး (ခ) သားအဲငယ်ဆိုသူသည် အချုပ်အတွင်း ကျန်းမာရေးမကောင်းဖြစ်နေခဲ့ပြီး ဆေးကုသခွင့်မရရှိဘဲ မတ်လ ၁၆ ရက်တွင် သေဆုံးခဲ့ပါသည်။ ၎င်းသည် စစ်အုပ်စုကို ဆန့်ကျင်သောစာများ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားသည်ဟု စွပ်စွဲခံရကာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် စစ်ကောင်စီတပ်ထံတွင် ဖမ်းဆီးခံခဲ့ရပြီး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) ဖြင့် စစ်ကောင်စီတပ်မှ တရားစွဲခဲ့ကာ ယခုနှစ်၊ ဇန်နဝါရီ ၉ ရက်တွင် ထောင်ဒဏ် ၄ နှစ် ချမှတ်ခံခဲ့ရပါသည်။

မတ်လ ၁၅ ရက်တွင် မုံရွာမြို့နယ်၊ ထနောင်းတောတောင်ရွာကို အင်အား ၃၀ ခန့်ပါသည့် စစ်ကောင်စီတပ်မှ သေနတ်များပစ်ဖောက်ပြီး ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် ကျေးရွာအတွင်း ကျန်ရှိနေသည့် သက်ကြီးရွယ်အို ၃ ဦးသည် မီးထဲပိတ်မိပြီး သေဆုံးခဲ့ပါသည်။ ကျေးရွာအတွင်း နေအိမ် ၆၀ ကျော် မီးလောင်ပျက်စီးခဲ့ပြီး၊ ဒေသခံများမှာ အနီးနားရွာများသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့သော်လည်း ထွက်မပြေးနိုင်တော့သည့် အသက် ၇၀ အရွယ် အဘိုးအဘွား ၃ ဦးမှာ မီးလောင်သေဆုံးခဲ့ခြင်းဖြစ်ပါသည်။

ဆားလင်းကြီး၊ ကနီ၊ ထီးချိုင့်၊ အင်းတော်၊ ရွှေဘိုနှင့် ပုလဲ မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၃ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ မတ်လ ၁၅ ရက်နေ့က ဘုတလင်မြို့နယ်အတွင်း တာဝန်ဖြင့် ခရီးသွားနေသော ချင်းဒေသ ကာကွယ်ရေးတပ်မှ ရဲဘော်နှစ်ဦးအား စစ်ကောင်စီတပ်၏ ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ မတ်လ ၁၆ ရက် နေ့က စစ်ကောင်စီတပ် ရွှေဘိုမြို့နယ်၊ တအုံကျေးရွာ အရှေ့ဘက်၌ မိုင်းဆွဲ တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ် သား ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၇ ရက်နေ့က ရွှေဘိုမြို့၊ မုဒ်ပေါက် တောင်ဘက် အထွက်တွင် တည်ရှိသည့် စစ်ကောင်စီ၏ စစ်ရေးဂိတ်ကို ပြည်သူ့ကာကွယ်ရေးတပ်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ပျူစောထီး ၂ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် မုံရွာ၊ ဝက်လက်၊ ရွှေဘိုနှင့် စစ်ကိုင်းမြို့နယ်များမှ ဒေသခံ ၇ ဦး သေဆုံးခဲ့သည်။ မတ်လ ၁၆ ရက်နေ့က တမူးမြို့ရဲစခန်းအချုပ်တွင် ကျန်းမာရေးမကောင်း ဖြစ်နေသည့် နိုင်ငံရေးအကျဉ်းသားတဦးသည် ဆေးကုသခွင့်မရသဖြင့် သေဆုံးခဲ့ရသည်။ စစ်ကောင်စီတပ်မှ လူနေအိမ်များကို မီးရှို့ကာ စစ်ကြောင်းထိုးလာခြင်းကြောင့် ဆားလင်းကြီးနှင့် ခင်ဦးမြို့နယ်များမှ ဒေသခံပြည်သူ ၁၇၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ကချင်ပြည်နယ်


ဖားကန့်မြို့နယ်၊ မော်စီစာကျေးရွာ၊ ဖြူစင်ကုန်းရပ်ကွက်ရှိ ကချင်အမျိုးသားလူမှုဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းတွင် ဖွင့်လှစ်ထားသော အမျိုးသမီးစွမ်းရည်မြင့်တင်ရေးရုံးအား စစ်ကောင်စီတပ်မှ မတ်လ ၁၇ ရက်တွင် လာရောက်ဖျက်ဆီးခဲ့ပြီး အမျိုးသားတစ်ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်ခဲ့ပါသည်။

မတ်လ ၁၈ ရက်တွင်လည်း ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာအုပ်စု ကျောက်သွေးတောင်ရှိ ခန္တီးရာမ ကျောင်းတိုက်ဂေါပကဥက္ကဋ္ဌဖြစ်သူ အသက် ၅၀ အရွယ် ဦးတင်ဌေးအား အရပ်ဝတ် ဝတ်ထားပြီး လက်နက်ကိုင်ဆိုင်ထားသူ ၅ ဦးမှ အိမ်စီးကားတစ်စီးဖြင့် လာရောက်ဖမ်းဆီးခဲ့ကြောင်း သိရပါသည်။

ဖားကန့် နှင့် ပူတာအိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၈ ဦး ကျဆုံးခဲ့သည်။ မတ်လ ၁၈ ရက်နေ့က ဖားကန့်မြို့၊ လုံးခင်း ကျေးရွာအနီးရှိ တိုက်ပွဲတွင် ၂ ဖက်အပြန်အလှန် ပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ ၆ ဦး သေဆုံးခဲ့သည်။



# မကွေးတိုင်း





ချောက်မြို့တွင်ကျင်းပမည့် အစ္စလာမ်ဘာသာဝင်များ၏ ဂျဲလ်ဆာ (ဘွဲ့နှင်းသဘင်) အခမ်းအနားတက်ရန် ရောက်ရှိနေသော အစ္စလာမ် ဘာသာဝင် ဧည့်သည်နှင့် အိမ်ရှင်များကို စစ်ကောင်စီတပ်က မတ်လ ၁၈ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း သိရပါသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသမီး ၇ ဦးနှင့် အမျိုးသား ၇ ဦးပါဝင်ခဲ့ပြီး အဆက်အသွယ် ပြတ်တောက် လျှက်ရှိနေပါသည်။

မတ်လ ၁၉ ရက်တွင် ရေစကြိုမြို့နယ်၊ ရေလယ်ကျွန်းဒေသ မီးလောင်ကျွန်းရွာကို စစ်ကောင်စီတပ်မှ ဝင်ရောက်ခဲ့ပြီး ဒေသခံ ၁၅ ဦးအား ဖမ်းဆီးခဲ့ကာ ရွာကိုလည်းမီးရှို့ဖျက်ဆီးခဲ့ပါသည်။

ထီးလင်းမြို့နယ်အတွင်း ဝင်ရောက်ခဲ့သော စစ်ကောင်စီစစ်ကြောင်းမှ စိတ်ရောဂါဝေဒနာရှင် ၂ ဦးအပါအဝင် ဒေသခံ ၄ ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့ကြပါသည်။ မတ်လ ၁၆ ရက်တွင် အင်အား ၂၀၀ ကျော်ပါဝင်သည့် စစ်ကောင်စီတပ်စစ်ကြောင်းသည် ထိန်တိုင်းကျေးရွာသို့ ရောက်ရှိလာပြီး၊ ထန်းလှီးပြီးပြန်လာသော အသက် ၇၀ အရွယ် ဒေသခံ ဦးကားကျော်နှင့် အသက် ၅၃ နှစ်အရွယ် စိတ်ဝေဒနာရှင် ဦးသန်းထွေးတို့အား သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း၊ မတ်လ ၁၈ ရက်တွင် အသက် ၄၀ အရွယ် စိတ်ဝေဒနာရှင် ကိုသန်းမင်းအောင်နှင့် ဒေသခံ ဦးကိုတင်တို့ကို ကြိုးများဖြင့် တုတ်ကာ သေနတ်ဖြင့် ပစ်သတ်ခဲ့ကြပါသည်။

ပေါက်၊ ရေစကြို၊ ထီးလင်းနှင့် မြိုင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၂ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၈ ရက်နေ့က ရေစကြိုမြို့နယ်၊ ခြေမြန်တပ်ရင်း(ခလရ ၂၅၆)အနီး၌ ကင်းစောင့်နေသည့် ပျူစောထီးအဖွဲ့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပျူစောထီး တစ်ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ဂန့်ဂေါနှင့် ထီးလင်းမြို့နယ်များမှ ဒေသခံ ၅ ဦး သေဆုံးခဲ့သည်။ မတ်လ ၁၆ နှင့် ၁၇ ရက်နေ့တွေက ရေစကြိုမြို့နယ်တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး စစ်ကြောင်းထိုးလာခြင်းကြောင့် ဒေသခံပြည်သူ ၄၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# မန္တလေးတိုင်း


စဉ့်ကူးမြို့နယ်၊ သဲအင်းရွာတွင် စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုး ဝင်ရောက်ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် PDF ရဲဘော်တစ်ဦးနှင့် ဒေသခံ ၂ ဦးအား မီးရှို့သတ်ဖြတ်ခဲ့ပါသည်။ ဖြစ်စဉ်မှာ စစ်ကောင်စီတပ်သား အင်အား ၅၀ ကျော်သည် သဲအင်းကျေးရွာသို့ မတ် ၁၀ ရက်က ဝင်ရောက်တပ်စွဲခဲ့ပြီး၊ မတ် ၁၂ ရက်တွင် ဒေသခံ ၁၀ ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ရာ၊ ဖမ်းဆီးခံရသူများအနက် ရဲဘော်တစ်ဦးနှင့် ဒေသခံ ၂ ဦးအား အကြမ်းဖက်နှိပ်စက်မှုများပြုလုပ်ခဲ့ကာ မီးရှို့သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးရှို့ခံထားရသည့် ရုပ်အလောင်းများကို မတ်လ ၁၅ ရက်က ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

မတ်လ ၁၆ ရက်က ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်ကြီးမင်္ဂလာကုန်တင်ယဉ်ရပ်နားစခန်း၊ ၆၂ လမ်းအနီး စွယ်တော်ကားကြီးကွင်း အဝင်ပေါက်တွင် စစ်ကောင်စီလက်အောက်ခံ စည်ပင်ရဲတပ်ဖွဲ့မှ အမျိုးသား ၂ ဦးအား သေနတ်ဖြင့်ပစ်ခတ်ခဲ့ပါသည်။ ပစ်ခတ်ခံရသူ ၂ ဦးအား စစ်ကောင်စီရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပြီး မန္တလေးဆေးရုံသို့ ပို့ဆောင်ထားကာ၊ အမှုဖွင့်အရေးယူထားကြောင်း သိရပါသည်။

မတ်လ ၁၂ ရက်နေ့က စဉ့်ကူးမြို့နယ်၊ သဲအင်းရွာမှာ စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်ပြီး ပြည်သူ့ကာကွယ်ရေး တပ်မှ ရဲဘော် ၁ ဦး နှင့် ဒေသခံပြည်သူ ၂ ဦးကို မီးရှို့သတ်ဖြတ်ခဲ့သည်။ မတ်လ ၁၇ရက်နေ့မှ စတင်၍ မတ္တရာမြို့နယ်၊ အနောက်ခြမ်း အိုင်ဒိုင်းရွာကို စစ်ကောင်စီတပ်က မီးရှို့နေခြင်းကြောင့် ဒေသခံပြည်သူ ထောင်နှင့်ချီ၍ ဘေးလွတ်ရာ ထွက်ပြေးနေရသည်။ မတ်လ ၁၈ ရက်နေ့က ကျောက်တံတားကျေးရွာမှ မတ္တရာမြို့နယ် အရှေ့ပိုင်းသို့ စစ်ကြောင်းထိုး လာသည့် စစ်ကောင်စီ ခြေလျင်စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးတပ်က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့သည်။







# ကရင်ပြည်နယ်


ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့အနီးဝန်းကျင်ရှိ ကျေးရွာများကို မတ်လ ၁၅ ရက်က စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ခြင်းကြောင့် ဒေသခံများ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ယခုကဲ့သို့ စစ်ကောင်စီတပ်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စစ်ကြောင်းထိုးဝင်ရောက်ခြင်း၊ နယ်မြေရှင်းလင်းခြင်းနှင့် မာရှယ်လော အမိန့် ထုတ်ဖမ်းဆီးနေခြင်းတို့ကြောင့် ကျုံဒိုးမြို့တွင် ည ၆ နာရီကျော်လွန်ပါက အသွားအလာမရှိတော့ဘဲ မြို့အနီးအနား ကျေးရွာများမှ စိုက်ပျိုးသီးနှံရောင်းချသူများပင် လာရောက်ဈေးရောင်းချခြင်းများ မလုပ်ရဲတော့ကြောင်း သိရပါသည်။

မတ်လ ၁၇ ရက်တွင် သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့ ၁၃ မိုင်အနီးရှိ စစ်ကောင်စီတပ်အထိုင်ချရာ ဘုရင့်နောင်တပ်မြို့အား ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ (၂) တပ်ဖွဲ့ဝင်များမှ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြပါသည်။ ထိုသို့ တိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် နီးစပ်ရာများသို့ ပြန်လည် ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့ရာ ဒေသခံများ၏ လက်ဖက်ခြံများပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရပါသည်။




သံတောင်ကြီးနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၄၅ ဦး ကျဆုံးခဲ့သည်။









# ပဲခူးတိုင်း

မင်းလှမြို့နယ်၊ လတ်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာ၊ ရေစက်တန်းလမ်းနေ အငြိမ်းစားဗိုလ်ကြီးတစ်ဦး၏ သမီးဖြစ်သူ အသက် ၂၁ အရွယ် စိတ်ဝေဒနာ ခံစားနေရသူအား စစ်ကောင်စီတပ် ခလရ(၁)မှ အသက် ၅၅ နှစ်အရွယ် တပ်သားထွန်းနိုင်ဆိုသူမှ အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့သော်လည်း၊ ၎င်းအား တပ်အချုပ် ထည့်ထားပြီး ရဲစခန်းတွင် အမှုဖွင့်ခွင့် မရကြောင်း သိရပါသည်။ ထို့ပြင် စစ်ကောင်စီတပ်မှ လတ်ဆက်ကျေးရွာအုပ်ချုပ်ရေးမှူးအား ဖိအားပေးကာ နစ်နာသူမိန်းကလေး၏ မိသားစုအား ကျေအေးပေးရန် ပြောဆိုခိုင်းနေကြောင်း သိရပါသည်။

မတ်လ ၁၇ ရက် ညနေ ၃ နာရီခန့်က ကျောက်တံခါးမြို့နယ်၊ နတ်တလင်းကျေးရွာရှိ ရွာအဝင်လမ်းတွင် မိုင်းပေါက်ကွဲပြီး အသက် ၄၁ နှစ်အရွယ် အမျိုးသားတစ်ဦး ခြေထောက်ပြတ်သွားခဲ့ပြီး ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ပါသည်။

မတ်လ ၁၇ ရက်နေ့က ပေါင်းတည်မြို့နယ်၊ ထန်းကုန်းကျေးရွာနှင့် ခြေပင်ကျေးရွာအကြား ရေလမ်းကြောင်းတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၇ ရက်နေ့က မိုးညိုမြို့နယ်၊ ရေကင်းကျေးရွာ ရဲစခန်းအနောက်ဘက်တွင် ပျူစောထီးများ ဦးဆောင်ပြုလုပ်နေသည့် လောင်းကစားဝိုင်းကို ပြည်သူ့ကာကွယ်ရေးတပ်မှ လက်ပစ်ဗုံးနှစ်လုံးဖြင့် အနီးကပ် ပစ်ခတ်ခဲ့ပြီး ပျူစောထီး ၃ ဦး သေဆုံးခဲ့သည်။ မတ်လ ၂၀ ရက်နေ့က ကျောက်ကြီးနှင့် ရွှေကျင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံးကြဲချခဲ့မှုကြောင့် ကျေးရွာပေါင်း ၂၁ ရွာမှ ဒေသခံ ၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။








# ရှမ်း (သျှမ်း) ပြည်နယ်

လားရှိုးမြို့အဝင် မုဒ်ဦးအနီးတွင် မန္တလေးပြည်သူ့စစ်တပ်ဖွဲ့မောင်းနှင်လာသည့် ကားနှင့် ဒေသခံအရပ်သား တစ်ဦးတို့ မောင်းနှင်လာသည့် ကားတို့သည် မတ်လ ၁၆ ရက် ညနေပိုင်းက တိုက်မိခဲ့ပြီး၊ ပြည်သူ့စစ်အဖွဲ့မှ ဒေသခံအား အကြမ်းဖက်ရိုက်နက်ခဲ့ရာ၊ ဦးခေါင်းဒဏ်ရာရရှိခဲ့ပါသည်။

ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု နယ်မြေ (၅) ရပ်ကွက်တွင် နေထိုင်သည့် အမျိုးသားတစ်ဦးကို ဖုန်းခိုးသည်ဟု စွပ်စွဲကာ နောင်မွန်ဌာနေပြည်သူ့စစ်မှ ရိုက်နက်သဖြင့် ခဲ့ပါသည်။ သေဆုံးသူမှာ အသက် (၃၈) နှစ်အရွယ် မောင်ကျော်မျိုးနိုင် (ခ) အန့်ကူဆိုသူ ဖြစ်ပြီး၊ ဖုန်းခိုးသည်ဟု စွပ်စွဲခံရမှုကြောင့် နောင်မွန်ဌာနေပြည်သူ့စစ်မှ ဖမ်းဆီးခေါ်ဆောင်သွားကာ ဌာနေပြည်သူ့စစ် ခေါင်းဆောင် စိုင်းဇေယျာဦး၏ နေအိမ်တွင် တုတ်ဖြင့် ရိုက်နက်ခဲ့ကြသဖြင့် ဖမ်းဆီးခံရပြီး လေးရက်အကြာတွင် အတွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့ပါသည်။









မတ်လ ၁၆ နှင့် ၂၀ ရက်နေ့က ပင်လောင်းမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၈ ဦး ကျဆုံးခဲ့သည်။

# ကရင်နီ (ကယား) ပြည်နယ်


ဘောလခဲမြို့နယ်၊ ရေနီပေါက်ကျေးရွာအနီးတွင် မတ်လ ၁၆ ရက်က စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်မှ ရေနီပေါက်ကျေးရွာဒေသခံ အမျိုးသမီးတစ်ဦးနှင့် အထက်တန်းကျောင်းသားအရွယ် ကလေး ၂ ဦးအပါအဝင် ဒေသခံ ၇ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကာ ဘောလခဲမြို့မရဲစခန်းတွင် ထိန်းသိမ်းထားကြောင်းသိရပါသည်။ တိုက်ပွဲတွင် အထိနာခဲ့သော စစ်ကောင်စီတပ်သည် ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ပြီး ရေနီပေါက်ကျေးရွာနှင့် မိုင်းထမ်းကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ကာ ဒေသခံ ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။


ဒီးမော့ဆိုမြို့နယ်တွင် တိုက်ပွဲဧရိယာများအတွင်း ပိတ်မိနေသော စစ်ဘေးရှောင်များအား ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) နှင့် ကျေးလက်မြေအဖွဲ့တို့မှ ပူးပေါင်းပြီး စားသောက်ကုန်အချို့ လှူဒါန်းခဲ့ကြပါသည်။ ဒီးမော့ဆိုအရှေ့ခြမ်းတွင် ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်ကာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားလျက်ရှိပြီး စစ်ဘေးရှောင် အရေအတွက် ၃၀,၀၀၀ နီးပါး ရှိနေပါသည်။




လွိုင်ကော်၊ ဘောလခဲ နှင့် ဒီးမော့ဆိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီ ဒေသခံကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ ဦး ကျဆုံးခဲ့သည်။









# တနင်္သာရီတိုင်း


မတ်လ ၁၈ ရက်က စစ်ကောင်စီတပ်ယာဉ်တန်း၏ ဦးတည်ရာမဲ့ ပစ်ခတ်မှုကြောင့် မြိတ်မြို့နယ်၊ တုံးဗျောကြီးကျေးရွာမှ မသန်စွမ်းအမျိုးသမီးငယ်တစ်ဦး အပါအဝင် နှစ်ဦးကျည်ထိမှန် ဒဏ်ရာရရှိခဲ့ပါသည်။

လောင်းလုံးမြို့နယ်ရှိ ညောပြင်ရွာနှင့် အောက်ကျောက်ဝပ်ကျေးရွာတို့မှ နေအိမ် ၁၅၀ ကျော်ကို စစ်ကောင်စီတပ်က အကြောင်းမဲ့ မီးရှို့ခဲ့ပြီး အသက် ၂၀ နှစ်ဝန်းကျင် အမျိုးသားတစ်ဦးကိုလည်း ဖမ်းဆီးပစ်သတ်ခဲ့ကြပါသည်။ မတ်လ ၂၁ ရက်တွင် စစ်ကောင်စီတပ်နှင့် ပျူစောထီး ပူးပေါင်းတပ်တို့သည် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အဆိုပါ ကျေးရွာအတွင်းသို့ ဝင်ရောက်မီးရှို့ခဲ့ခြင်းဖြစ်ပြီး မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံများလည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

တနင်္သာရီနှင့် ပုလောမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ ဦး ကျဆုံးခဲ့သည်။ မတ်လ ၁၅ ရက်နေ့က ကော့သောင်းမြို့၊ တောင်နောက်ရပ်ကွက်နေ ပျူစောထီးခေါင်းဆောင် ဦးကျော်မိုးခိုင် ဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် မတ်လ ၂၁ ရက်နေ့က လောင်းလုံးမြို့နယ်ရှိ ညောပြင်ရွာနှင့် အောက်ကျောက်ဝပ်ကျေးရွာတို့မှ နေအိမ် ၁၅၀ ကျော်ကို စစ်ကောင်စီတပ်က မီးရှို့ပြီး အသက် ၂၀ နှစ် ဝန်းကျင် ဒေသခံ အမျိုးသားတစ်ဦးကိုပါ ဖမ်းဆီးပစ်သတ်ခဲ့သည်။










# မွန်ပြည်နယ်

ဘီးလင်းမြို့နယ်၊ ကရဝေးဆိပ်ကျေးရွာ အထက်စုပိုင်းတွင် လက်နက်ကြီးကျည်ထိမှန်၍ အမျိုးသားနှစ်ဦး သေဆုံးခဲ့ပါသည်။ မတ်လ ၂၀ ရက်၊ ည ၇ နာရီခန့်တွင် စစ်ကောင်စီတပ်အထိုင်ချရာ သံတံတားဂိတ် (သဲဖြူချောင်းတံတား) မှ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကရဝေးဆိပ်ရွာ အထက်စုပိုင်းရှိ ဒေသခံဦးကုလား၏ နေအိမ်အတွင်း တစ်လုံးကျရောက်ပေါက်ကွဲခဲ့ကာ အသက် ၅၀ ကျော်အရွယ် ဦးကုလားနှင့် ၎င်း၏ သားဖြစ်သူ အသက် ၂၀ ကျော်အရွယ် ကိုအောင်လွင်တို့သည် ဦးခေါင်း၊ လက်၊ ဗိုက်တို့တွင် ပြင်းထန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြပါသည်။

မတ်လ ၁၅ ရက်တွင် ရေးမြို့နယ်၊ ကျောင်းရွာအနီးတွင် စစ်ကောင်စီတပ်သတင်းပေး ဦးလွင်မိုးအေး မောင်းနှင်လာသည့်ကားအား ရေးဘီလူးအဖွဲ့မှ ပစ်ခတ်ခဲ့ရာ ဦးလွင်မိုးအေးသည် နေရာတွင် သေဆုံးခဲ့ပြီး၊ ကားပေါ်တွင် ပါလာသည့် အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။

သထုံနှင့် ရေးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇ ဦး ကျဆုံးခဲ့သည်။ မတ်လ ၁၅ ရက်နေ့က ရေးမြို့နယ်၊ ကျောင်းရွာအနီးတွင် စစ်ကောင်စီတပ်သတင်းပေး ဦးလွင်မိုးအေးကို ပြည်သူ့ကာကွယ်ရေးတပ်မှပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်မှ ပစ်ခတ်သောလက်နက်ကြီးကြောင့် ဘီးလင်းမြို့နယ်မှ ဒေသခံ ၃ ဦး သေဆုံးခဲ့သည်။





# ဧရာဝတီတိုင်း

ကြံခင်းမြို့နယ်တွင် စကြဝဠာမင်းကြီးသပိတ်ကော်မတီမှ ဦးဆောင်သော စစ်အာဏာရှင်ဆန့်ကျင်ရေး အာရုဏ်ဦးလူမဲ့သပိတ်ကို မတ်လ ၁၅ ရက်တွင် ပြုလုပ်ခဲ့ပါသည်။ "ငါတို့ချစ်တဲ့ ဧရာဝတီ နိုးထကြ ပုန်ကန်ကြ တော်လှန်ကြ" စာတန်းအား ကြံခင်းမြို့နယ်၊ ပုသိမ်-မုံရွာလမ်းဘေး ကံရွာနှင့် ကြို့ပင်စုရွာအားဆက်သွယ်ထားသည့် လမ်းပေါ်တွင် ချိတ်ဆွဲပြီး ဆန္ဒထုတ်ဖော်ခဲ့ကြပါသည်။ စကြဝဠာမင်းကြီးသပိတ်ကော်မတီသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ကြံခင်းမြို့နယ်အတွင်း စစ်အာဏာရှင်ဆန့်ကျင်ရေးသပိတ်များကို ဆက်တိုက်ပြုလုပ်လျက်ရှိပါသည်။

ဧရာဝတီတိုင်းတွင် ကြံ့ခိုင်ရေးပါတီဝင်များအား ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအဖြစ် စစ်ကောင်စီတပ်မှ အစားထိုးခန့်အပ်နေကြောင်း သိရပါသည်။ စစ်ကောင်စီတပ်သည် ၎င်းတို့အာဏာသိမ်းပြီးနောက်ပိုင်း ပြောင်းလဲခန့်အပ်ထားသည့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများမှအပ မြို့နယ်အားလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအများစုကို မတ်လအစောပိုင်းမှ စတင် ဖြုတ်ခဲ့ပြီး ကြံ့ခိုင်ရေးပါတီဝင်များကို အစားထိုးခန့်အပ်နေခြင်းဖြစ်ကြောင်း၊ ပါတီဝင်မဟုတ်သည့် လောင်းကစားဒိုင်များ၊ စစ်တပ်အမာခံ သတင်းပေးများနှင့် မဘသများကိုလည်း ပါတီသို့ ဝင်ရောက်စေကာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအဖြစ် ခန့်အပ်နေခြင်းဖြစ်ပါသည်။




# ရန်ကုန်တိုင်း

လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဦးအောင်သူလမ်း၊ အမှတ် ၁၀၇/ ၁၀၈ ရှိ နိုင်ငံတကာဖက်ရှင်တံဆိပ်တစ်ခုဖြစ်သည့် AMISU ကို အဓိကထား ချုပ်လုပ်နေသော ဖစ်တက်(မြန်မာ) FITEX( Myanmar) Garment Manufacturing co.Ltdမှ အလုပ်သမား ၄၀၀ ကျော်ကို ၎င်းတို့၏ သဘောဆန္ဒ မပါဘဲ အလုပ်ထုတ်ပယ်ကြောင်း သဘောတူလက်မှတ်များရေးထိုးစေကာ အလုပ်ထုတ်ပယ်ခဲ့ပါသည်။ ထို့ပြင် ဖစ်တက်(မြန်မာ)စက်ရုံသည် အလုပ်သမားများကို အထည်ချုပ်လုပ်မှုနှင့်ပတ်သက်၍ ပေးရန်ပြောထားသော ရာခိုင်နှုန်းသတ်မှတ်ချက်များကိုလည်း ပေးဆောင်ခြင်းမရှိပဲ ရာခိုင်နှုန်းမပြည့်မှီဟု အကြောင်းပြချက်ဖြင့် စက်ရုံမှူးနှင့် စကားပြန်မှ လုပ်ခလစာများကို ဖြတ်တောက်မှုများလည်း ရှိကြောင်း၊ အဆိုပါ စက်ရုံတွင် စုစုပေါင်း အလုပ်သမား ၇၀၀ ကျော်ရှိပြီး လက်ရှိတွင် လုပ်သက် ၃လမှ ၆လအတွင်းသာရှိသေးသည့် လုပ်သက်နည်းသော လုပ်သား ၄၀၀ ကျော်ကို သကြ္ကန်မတိုင်မီ ဧပြီ ၁၃ရက်မှစတင်၍ အလုပ်ထုတ်ပယ်ကြောင်း သဘောတူလက်မှတ်များ ရေးထိုးထားကြရပါသည်။

သာကေတမြို့နယ်၊ အမှတ် ၂ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၃ ဦးသည် မတ် ၁၇ ရက်က ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရာ၊ သေဆုံးသူများ၏ ဓာတ်ပုံမှတ်တမ်းများကို လူမှုကွန်ရက်တွင် ဖော်ပြခံရသည်ဟုဆိုကာ သာကေတမြို့နယ်၊ မိုးစက်ပရဟိတ အသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၅ ဦးအား မတ်လ ၁၈ ရက်က စစ်ကောင်စီတပ်များမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။

မတ်လ ၁၇ ရက်နေ့က မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းအပိုင်၊ ဆပ်ပလိုင်းမှတ်တိုင်လမ်းအတွင်းရှိ ဆပ်ပလိုင်း (GE) တပ် အရာရှိလိုင်းခန်းနှင့် စစ်သည်လိုင်းခန်းအား မှော်ဘီတော်လှန်ရေးအင်အားစုမှ လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။






# ရခိုင်ပြည်နယ်

ကျောက်တော်မြို့နယ်ရှိ စစ်ဘေးရှောင်စခန်း (၃) ခုဖြစ်သော မဟာမုနိစစ်ဘေးရှောင်စခန်း၊ ရှမ်းရွာစစ်ဘေးရှောင်စခန်းနှင့် သိမ်ကျောင်းစစ်ဘေးရှောင်စခန်းတို့ကို ဖျက်သိမ်းပြီး စစ်ဘေးရှောင် ၆၀၀ ကျော်အား စစ်ကောင်စီတပ်မှ နေရပ်ပြန်ရန် ဖိအားပေးထားကြောင်း သိရပါသည်။ အဆိုပါ စစ်ဘေးရှောင်များမှာ မတ်လ ၃၁ ရက်တွင် အပြီးဖျက်သိမ်းပေးရမည်ဖြစ်ပြီး၊ မဟာမုနိစစ်ဘေးရှောင်စခန်းတွင် အိမ်ထောင်စု (၄၄၃) စု၊ သိမ်ကျောင်းစစ်ဘေးရှောင်စခန်းတွင် အိမ်ထောင်စု ၂၆ စုနှင့် ရှမ်းရွာစစ်ဘေးရှောင်စခန်းတွင် အိမ်ထောင်စု ၄၃ စုရှိနေပါသည်။

မတ်လ ၁၉ ရက်တွင် ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာအနီးရှိ အထက်နန်းရာချောင်း၊ စေတီတောင်ဘုရားတွင် တပ်စွဲထားသော နယ်ခြားစောင့်တပ်စခန်းမှ လက်နက်မဲ့ ထွက်ပြေးလာသည့် စစ်ကောင်စီတပ်သားနှစ်ဦးသည် ရက္ခိုင့်တပ်တော် (AA)ထံတွင် အလင်းဝင်ရောက်ခဲ့ကြပါသည်။








# ချင်းပြည်နယ်

ပလက်ဝမြို့နယ်တွင် စစ်ကောင်စီတပ်၊ ရေကြောင်းစစ်ဆေးရေးဂိတ်သည် ဆေးဝါးနှင့် စားနပ်ရိက္ခာသယ်ယူခွင့်အား ကန့်သတ်ထားပြီး ငွေကြေးကောက်ခံနေခြင်းကြောင့် ရခိုင်အပါအဝင် ခူမီး၊ ချင်း အစရှိသည့် လူနည်းစုတိုင်းရင်းသားများ အဓိကနေထိုင်သော ကျေးရွာ(၄၀) ခန့်မှ ဒေသခံများမှာ အခက်အခဲဖြစ်နေကြရပါသည်။

မင်းတပ်မြို့နယ်ရှိ စစ်ဘေးဒဏ် ခံရသော ကျေးရွာပေါင်း ၁၈ ရွာ၊ မတူပီမြို့နယ်တွင် ကျေးရွာပေါင်း ငါးရွာ၊ စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိ စစ်ရှောင်စခန်း လေးခုနှင့် မီဇိုးရမ်ပြည်နယ်၊ Champhai ခရိုင်အတွင်းရှိ Holy cross Camp , ITI camp 1, Uilui camp, ITI camp 2 စသော စစ်ဘေးရှောင်စခန်းများသို့ Network For Chin Community Development (NCCD ) အဖွဲ့မှ ဆန်နှင့် ရိက္ခာအချို့အား ဖြန့်ဝေပေးခဲ့ ခြင်းဖြစ်ကြောင်း သိရပါသည်။ မိုးရာသီရောက်လာခါနီးပြီဖြစ်သဖြင့် စစ်ဘေးရှောင်စခန်းများတွင် လုံခြုံကြံ့ခိုင်သော မိုးကာများ၊ သောက်ရေသန့်စက်နှင့် ရေသန့်ဆေးရည်များ၊ အခြေခံဆေးဝါးများ၊ ခြုံစောင်များ၊ ခြင်ထောင်များနှင့် ကလေးသူငယ်များအတွက် စာအုပ်၊ ဘောပင်စသည့် သင်ကြားရေးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း သိရပါသည်။

မတ်လ ၁၆ ရက်နေ့က ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့တွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။



# နိုင်ငံတကာ စာမျက်နှာ



မြန်မာပြည်သူများသည် အာဏာသိမ်းစစ်ကောင်စီတပ်အပေါ် လုံးဝအယုံအကြည်မရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာက မြန်မာ့အရေးလေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံရှိ နိုင်ငံတကာသံအမတ်များကို မတ်လ ၁၆ ရက်တွင် တင်ပြခဲ့ပါသည်။

အာဏာသိမ်းစစ်ကောင်စီသည် အရေးပေါ်ကြေညာထားသောကာလကို ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ထပ်မံသက်တမ်းတိုးလိုက်ကြောင်း၊ ယင်းနောက် တိုက်ပွဲများ အရှိန်မြှင့်လာပြီး၊ ပုံးကြဲတိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို တိုးမြှင့်လုပ်ဆောင်နေကြောင်းနှင့် စစ်ကောင်စီဘက်မှ ဖိနှိပ်မှုများလုပ်နေသည်ကို မြန်မာပြည်သူများအနေဖြင့် အကြမ်းမဖက်သည့်နည်းဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြရကြောင်း သူမက ထပ်လောင်း တင်ပြခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေညီလာခံတွင် တင်သွင်းခဲ့သည့် ဒေါက်တာနိုလင်းဟေဇာ၏ မြန်မာ့အရေး အစီအရင်ခံစာသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာအာဏာသိမ်း စစ်ခေါင်းဆောင်များကို အရေးယူရာတွင် တွန်းအားဖြစ်လာနိုင်မည်ဟု မျှော်လင့်ကြောင်း NUG သမ္မတရုံးတာဝန်ရှိသူက တုံ့ပြန်ပြောဆိုထားပါသည်။

ရပ်တန့်နေသော ငြိမ်းချမ်းရေး အစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ရေးတွင် မြန်မာ့အာဏာသိမ်း စစ်ကောင်စီအား တွန်းအားပေးရန် အင်ဒိုနီးရှားနှင့် အခြားသော အာဆီယံနိုင်ငံများအပါအဝင် ကုလသမဂ္ဂကဲ့သို့သော မိတ်ဖက်များနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဟု စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းမှ မတ်လ ၁၆ ရက်က အင်ဒိုနီးရှား သမ္မတဂျိုကို ဝီဒိုဒိုနှင့် တွေ့ဆုံပြီးနောက် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း ပြည့်စုံနဲ့စပ်သော အဖြေတစ်ခုကို ရရှိနိုင်ခြင်း မရှိသရွေ့ မလေးရှားနှင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာစစ်ကောင်စီအပေါ် ဆက်လက်ဖိအား ပေးသွားမည်ဖြစ်ကြောင်း

မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို ကူညီဖြေရှင်းနိုင်ရေးအတွက် အင်ဒိုနီးရှားအနေဖြင့် မြန်မာနိုင်ငံမှ အစုအဖွဲ့အသီးသီးနှင့် ကန့်လန့်ကာနောက်ကွယ်တွင် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသော်လည်း မြန်မာ့အရေးကို ပြေလည်အောင် ဖြေရှင်းနိုင်ရန် အချိန်ယူရမည် ဖြစ်ကြောင်းနှင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့် အင်ဒိုနီးရှားအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို တိုးတက်ကောင်းမွန်စေရေး အစွမ်းကုန် လုပ်ဆောင်မည်ဖြစ်ကြောင်း မစ္စတာ ဝီဒိုဒိုက မတ်လ ၁၅ ရက်တွင် ပြောခဲ့ပါသည်။

မြန်မာအာဏာသိမ်းစစ်အုပ်စုကို အသိအမှတ်မပြုသည့် မလေးရှားအစိုးရ၏ ရပ်တည်ချက်ကို မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်လောင်း ပြောကြားလိုက်ပြီး အာဆီယံ ဘုံသဘောတူညီချက် ၅ ရပ်ကို အားကောင်းစေခြင်းမှတဆင့် ပြည့်စုံသော ဖြေရှင်းချက်နည်းလမ်းတစ်ခု ရှာတွေ့ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတူဆရီ ဒေါက်တာ ဇမ်ဘရီအဗ္ဗဒူလ်ကာဒီရာက ပြောထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ပြည့်စုံနဲ့စပ်သော အဖြေတစ်ခုကို ရရှိနိုင်ခြင်း မရှိသရွေ့ မလေးရှားနှင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာစစ်ကောင်စီအပေါ် ဆက်လက်ဖိအားပေးသွားမည် ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားထားပါသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံပုဂ္ဂိုလ် ဒါရက်ခ်ချိုလတ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့အရေးဖြေရှင်းရန် ကြိုးပမ်းမှုများအပါအဝင် ဒေသဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ အကြီးတန်း အစိုးရခေါင်းဆောင်များ၊ အရေးပါသည့် သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံရန် မတ်လ ၂၀ ရက်မှ ၂၄ ရက်အထိ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပါသည်။

ခရီးစဉ်အတွင်း ၎င်းနိုင်ငံများ၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် တွေ့သည့်အခါ အခြေအနေပိုဆိုးလာနေသော မြန်မာပြည်ကိစ္စအတွက် ပြည်သူများ၏ဆန္ဒကို အခြေခံသည့်အဖြေရအောင် ငြိမ်းချမ်းသောနည်းဖြင့် နည်းလမ်းများရရှိအောင် ရှာဖွေသွားမည်ဖြစ်ကြောင်း သိရပါသည်။

ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်ရေးကိစ္စ ဆွေးနွေးရန်အတွက် စစ်ကောင်စီ တာဝန်ရှိသူများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန် ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာ အေဂျင်စီက ကူညီပေးခဲ့ကြောင်း၊ သို့သော် မြန်မာနိုင်ငံ၏ အခြေအနေများသည် ရိုဟင်ဂျာများ နေရပ်ပြန်လာရေးအတွက် လုံခြုံမှုမရှိကြောင်း ကုလအရာရှိများမှ ထောက်ပြပြောဆိုထားပါသည်။ မတ်လ ၁၅ ရက်တွင် မြန်မာစစ်ကောင်စီ၏ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦး ဦးဆောင်သော အဖွဲ့ဝင် ၁၇ ဦးပါ အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံသို့ ဖြစ်နိုင်ခြေရှိ နေရပ်ပြန်မှုအတွက် ဒုက္ခသည်များကို တွေ့ဆုံမေးမြန်းရန် မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့် တက်ခ်နက်ဖ်မြို့သို့ သွားရောက်ခဲ့ကြပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်နေသည့် မြန်မာစစ်ကောင်စီတပ်ကို နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် စုပေါင်းပြီး အရေးယူပိတ်ဆို့ကြရန် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် တွမ်အင်ဒရူးက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မတ်လ ၂၀ ရက်က ပြုလုပ်သည့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် တိုက်တွန်းခဲ့ပါသည်။

### မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသောပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review